## ပျက်ကွက်မှုအတွက် ပြစ်ဒဏ်များ

- လက်ကိုင်ဖုန်း(Handset)များအပေါ်တွင် သတ်မှတ်အခွန်အမှတ်တံဆိပ်များအား ကပ်နှိပ်ထားမှုမရှိခြင်း၊ အခွန်အမှတ်တံဆိပ်တန်ဖိုး လျော့နည်းကပ်နှိပ်ထားခြင်း၊ ဆက်စပ်ပစ္စည်းနှင့် ဝန်ဆောင်မှု အမှတ်တံဆိပ်များအား မှားယွင်းကပ်နှိပ်ထားခြင်း၊ QR Code ဖတ်၍ မရစေရန် ကပ်နှိပ်ထားခြင်း/ ပယ်ဖျက်ထားခြင်းများ စစ်ဆေးတွေ့ရှိပါက အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိဟုသတ်မှတ်၍ လက်ဝယ်ထားရှိသူအား ပစ္စည်းတန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်း ဒဏ်ကြေးငွေ တပ်ရိုက်ခြင်းခံရမည့်အပြင် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေအရ ယင်းပစ္စည်းများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည် ဖြစ်ပါသည်၊



- သို့ဖြစ်ပါ၍ လက်ကိုင်ဖုန်း(Handset) လုပ်ငန်းရှင်များအနေဖြင့် ဖြန့်ချိ/ ရောင်းချခြင်းမပြုမီ မိမိတို့ တင်သွင်း/ ရောင်းချသည့် လက်ကိုင်ဖုန်း (Handset) များအပေါ်တွင် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်နှင့်ညီမျှသော အခွန်အမှတ်တံဆိပ်များကို အပြည့်အဝ ပြည့်စုံကျနစွာ ကပ်နှိပ်ပေးရန် လိုအပ်ပါသည်၊
- ထို့အပြင် လက်ကိုင်ဖုန်း(Handset) အား ဖြန့်ချိရောင်းချသူများနှင့် လက်လီရောင်းချသူများအနေဖြင့်လည်း ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်နှင့်ညီမျှသော အခွန်အမှတ်တံဆိပ်များ အပြည့်အဝ ပြည့်စုံကျနစွာ ကပ်နှိပ်ထားခြင်းမရှိသော လက်ကိုင်ဖုန်း(Handset) များအား ဖြန့်ချိ/ ရောင်းချခြင်းမပြုကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

## ကျေးဇူးတင်လွှာ

- လက်ကိုင်ဖုန်း (Handset) များ ဝယ်ယူသုံးစွဲသူများအနေဖြင့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်နှင့်ညီမျှသော အခွန်အမှတ်တံဆိပ်များ အပြည့်အဝ ပြည့်စုံကျနစွာကပ်နှိပ်ထားသည့် လက်ကိုင်ဖုန်းများကိုသာ ဝယ်ယူခြင်းဖြင့် နိုင်ငံတော်အတွက် အခွန်များမှန်ကန်စွာရရှိရေးကို ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်၊




- မိမိတို့တင်သွင်းလာသည့် လက်ကိုင်ဖုန်းများကို သတ်မှတ်သည့် နည်းလမ်းများအတိုင်း ပြည့်စုံကျနစွာ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးပါသော တင်သွင်းဖြန့်ချိသည့် လုပ်ငန်းရှင်များ၊ ရသင့်ရထိုက်သည့်အခွန်များကို နိုင်ငံတော်က ရရှိစေရန် ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးကြပါသော ပြည်သူများ၊ မြန်မာနိုင်ငံ လက်လီရောင်းချသူများအသင်းနှင့် မြန်မာနိုင်ငံ မိုဘိုင်းလုပ်ငန်းရှင်များအသင်းတို့အား အထူးကျေးဇူးတင်ရှိပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ၊ရုံးအမှတ် (၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ် ၀၆၇ – ၃၄၃၀၅၂၂၊ ၀၆၇– ၃၄၃၀၅၃၃၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်)၊ အမှတ် ၅၉/ ၆၁ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ် ၀၁–၃၇၈၃၇၀၊ ၀၁–၃၇၈၃၇၂၊ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) ၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ ဖုန်းနံပါတ် ၀၂– ၄၀၃၀၁၉၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများကို download ရယူနိုင်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## "လက်ကိုင်ဖုန်း(Handset)များအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ"




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၃၈၉ အရ
နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို
ပေးဆောင်ရန်တာဝန်ရှိသည်။

**Internal Revenue Department**
**Office Building No.(46), Nay Pyi Taw**
**http://www.ird.gov.mm**

**"Tax by the Law, Service by our Heart "**

## လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

လက်ကိုင်ဖုန်း (Handset) နှင့် ဆက်စပ်ပစ္စည်းများကို ပြည်ပမှ တင်သွင်းရောင်းချခြင်း၊ ပြည်တွင်း၌ဝယ်ယူရောင်းချခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ခြင်းလုပ်ငန်းများ၏ ရောင်းချ/ ဝန်ဆောင်မှုဆောင်ရွက်သည့် ပြေစာများအပေါ်တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းကို ၁-၆-၂၀၁၉ ရက်နေ့မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော်လည်း မြန်မာနိုင်ငံမိုဘိုင်းလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်းတို့၏ တင်ပြချက်အရ ၁-၇-၂၀၁၉ ရက်နေ့မှစ၍ ဆောင်ရွက်ခဲ့ပါသည်။ လက်ကိုင်ဖုန်း (Handset) များ လုပ်ငန်းရှင်များအနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်ရပါမည် -

- လုပ်ငန်းရှင် မှတ်ပုံတင်ခြင်း၊
- အခွန်အမှတ်တံဆိပ် မှာကြားခြင်းနှင့် ထုတ်ယူခြင်း၊
- အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်း၊
- လစဉ်အခွန်ပေးသွင်းခြင်း၊
- ကြေညာလွှာ တင်သွင်းခြင်း။

## လုပ်ငန်းရှင်မှတ်ပုံတင်ခြင်း

- လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၁၁(က) နှင့်အညီ အခွန်ထမ်း မှတ်ပုံတင်ခွင့်ပြုရန် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှုးထံတွင် သတ်မှတ်ပုံစံဖြင့် နှစ်စဉ်လျှောက်ထားပြီး လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် ထုတ်ယူရပါမည်၊
- ထိုသို့မှတ်ပုံတင်ခြင်းကို လုပ်ငန်းမစတင်မီ **တစ်လ** သို့မဟုတ် မှတ်ပုံတင်သက်တမ်းမကုန်ဆုံးမီ **တစ်လ**ကြိုတင်၍ ဆောင်ရွက်ရပါမည်။

## အခွန်အမှတ်တံဆိပ်မှာကြားခြင်းနှင့် ထုတ်ယူခြင်း

- လုပ်ငန်းရှင်များအနေဖြင့် အခွန်အမှတ်တံဆိပ် မှာကြားရာတွင် သုံးလပတ် အတွင်း မိမိတို့ ပြန်လည်ရောင်းချမည့် ရောင်းဈေးအပေါ် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခန့်မှန်းလျက် လိုအပ်မည့် အခွန်အမှတ်တံဆိပ်အမျိုးအစားနှင့် အရေအတွက်အား မိမိတို့အခွန်စည်းကြပ်မှု ခံယူလျက်ရှိသည့် အခွန်ရုံးများတွင် လျှောက်ထားမှာကြားရပါမည်၊
- ပထမဆုံးအကြိမ်ထုတ်ယူခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန် ကြိုတင်ပေးသွင်းရန် မလိုအပ်ပါ၊
- ဒုတိယအကြိမ်မှစ၍ အခွန်အမှတ်တံဆိပ်များ လာရောက်ထုတ်ယူသည့်အခါ သွင်းကုန်လိုင်စင် (Import License)၊ သွင်းကုန်ကြေညာလွှာ ( ID Form ) နှင့် ရှေ့အကြိမ်ထုတ်ယူခဲ့သည့် အခွန်အမှတ်တံဆိပ်များအနက် အသုံးပြုပြီး အခွန်အမှတ်တံဆိပ်များအတွက် ငွေသွင်းချလန်များ (တင်သွင်းစဉ်က အကောက်ခွန်ဦးစီးဌာနတွင် ပေးသွင်းခဲ့သည့် အထောက်အထားနှင့် သက်ဆိုင်ရာအခွန်ရုံး၏ ဘဏ်စာရင်းသို့ လစဉ်ပေးသွင်းခဲ့သည့်ချလန်များ) ပြည့်စုံစွာ တင်ပြနိုင်မှသာ အခွန်အမှတ်တံဆိပ်အား ထုတ်ပေးသွားမည်ဖြစ်ပါသည်။
- အခွန်ခုနှိမ်ပေးသွင်းခြင်းဖြစ်ပါက ခုနှိမ်ခွင့်နှင့် သက်ဆိုင်သည့်ပုံစံများ တင်ပြရပါမည်။

## အခွန်အမှတ်တံဆိပ် သတ်မှတ်ချက်

လက်ကိုင်ဖုန်း (Handset) များအပေါ်တွင် ကပ်နှိပ်ရမည့် အခွန်အမှတ်တံဆိပ်များသည် QR Code ပါရှိသော အခွန်အမှတ်တံဆိပ်များဖြစ်ပြီး အောက်ပါအတိုင်း အမျိုးအစား(၇) မျိုးသတ်မှတ်ထားပါသည် -

- 50 Kyats
- 100 Kyats
- 200 Kyats
- 500 Kyats
- 1000 Kyats
- 5000 Kyats
- 10000 Kyats




## အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်း

- ပြည်ပမှ တင်သွင်းဖြန့်ချိခြင်းဖြစ်ပါက အကောက်ခွန်ဆိုင်ရာ ရှင်းလင်းဆောင်ရွက်ပြီးသည်နှင့်တစ်ပြိုင်နက် လက်ကိုင်ဖုန်း (Handset) ၏ လက်လီရောင်းဈေးအပေါ် ကျသင့်မည့် ကုန်သွယ်လုပ်ငန်းခွန်ပမာဏနှင့် ညီမျှသော အခွန်အမှတ်တံဆိပ်များအား လက်ကိုင်ဖုန်း (Handset) ဘူးခွံအပေါ်တွင် အပြည့်အဝ ပြည့်စုံကျနစွာ ကပ်နှိပ်ရပါမည်၊
- လက်ကိုင်ဖုန်း (Handset) အဟောင်းများ ရောင်းချခြင်းဖြစ်ပါက လက်ကိုင်ဖုန်း (Handset) ၏နောက်ကျောတွင် ကပ်နှိပ်ရပါမည်၊
- ဆက်စပ်ပစ္စည်းရောင်းချခြင်းနှင့် ဝန်ဆောင်မှုဆောင်ရွက်ခြင်းများအတွက် အရောင်းပြေစာအပေါ်တွင် ကပ်နှိပ်ရပါမည်။
- တန်ဖိုးနည်း အခွန်အမှတ်တံဆိပ်အရေအတွက် များပြားစွာ ကပ်နှိပ်ခြင်း၊ QR Code ဖတ်၍ မရစေရန် အခွန်အမှတ်တံဆိပ်များ တစ်ခုနှင့်တစ်ခု ထပ်၍ စုပြုံကပ်နှိပ်ခြင်း၊ QR Code ပါရှိသော အခွန်အမှတ်တံဆိပ် အပေါ်တွင် QR Code မပါသော အခွန်အမှတ်တံဆိပ်အား အုပ်၍ ကပ်နှိပ်ခြင်းများမပြုရပါ။ ကပ်နှိပ်ရမည့် အခွန်အမှတ်တံဆိပ် နည်းပါးစေရန်အတွက် ကျသင့်အခွန်နှင့် အနီးစပ်ဆုံးတန်ဖိုးနှင့်တူညီသည့် တန်ဖိုးကြီး အခွန်အမှတ်တံဆိပ်များကို ရွေးချယ်၍ စွဲမြဲစွာကပ်နှိပ်ရပါမည်၊
- လက်ကိုင်ဖုန်း (Handset) များအပေါ်တွင် ကပ်နှိပ်သည့်အခွန်အမှတ်တံဆိပ်များအပေါ်ရှိ QR Code အမှတ်အသားများအား QR Scanner ဖြင့် ဖတ်ရှုပါက Handset အမှတ်တံဆိပ်၊ ဆက်စပ်ပစ္စည်းနှင့် ဝန်ဆောင်မှု အမှတ်တံဆိပ်များအား ကွဲပြားစွာ ဖော်ပြမည်ဖြစ်သဖြင့် Handset နှင့် သက်ဆိုင်သည့် အခွန်အမှတ်တံဆိပ်များကိုသာ ကပ်နှိပ်အသုံးပြုသွားရန် ဖြစ်ပါသည်၊
- အခွန်အမှတ်တံဆိပ်များအပေါ်တွင် အသုံးပြုပြီးဖြစ်ကြောင်း ball pen ဖြင့်သာ ကန့်လန့်ဖြတ်ခြစ်၍ အမှတ်အသားပြု ဆောင်ရွက်ရပါမည်၊ ယင်းသို့ ဆောင်ရွက်ရာတွင် QR Code ကို ထိခိုက်မှုမရှိအောင် ဆောင်ရွက်ရပါမည်၊

## အခွန်ပေးသွင်းခြင်း

- တစ်လအတွင်း ရောင်းချခဲ့သည့် လက်ကိုင်ဖုန်း (Handset) အသစ်နှင့် အဟောင်းများအပေါ် ကိုယ်တိုင်ကပ်နှိပ်ခဲ့သည့် အခွန်အမှတ်တံဆိပ်နှင့် ညီမျှသော ကုန်သွယ်လုပ်ငန်းခွန်ကို ရောင်းချသည့် လကုန်ဆုံးပြီး (၁၀) ရက်အတွင်း သက်ဆိုင်ရာအခွန်ရုံးတွင် ပေးသွင်းရပါမည်၊
- တင်သွင်းရောင်းချခြင်းဖြစ်ပါက တစ်လအတွင်း ဖြန့်ချိ/ရောင်းချခဲ့သည့် လက်ကိုင်ဖုန်း (Handset) များအပေါ် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ မူလတင်သွင်းစဉ်က အကောက်ခွန်ဦးစီးဌာနတွင် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ပြီး ရောင်းချသည့် လကုန်ဆုံးပြီး (၁၀) ရက်အတွင်း သက်ဆိုင်ရာအခွန်ရုံးတွင် ပေးသွင်းရပါမည်၊
- ပျက်စီးသွားသောကုန်စည်များနှင့် ရောင်းချခြင်းမပြုရသေးသည့် ကုန်စည်များအတွက် ခုနှိမ်ခွင့်မရှိပါ။

## ကြေညာလွှာတင်သွင်းခြင်း

- သုံးလတစ်ကြိမ် ကြေညာလွှာကို သက်ဆိုင်ရာ သုံးလပတ်ကုန်ဆုံးပြီး တစ်လအတွင်း၊
- နှစ်ချုပ်ကြေညာလွှာကို သက်ဆိုင်ရာနှစ်ကုန်ဆုံးပြီး သုံးလအတွင်း သက်ဆိုင်ရာအခွန်ရုံးတွင် တင်သွင်းရပါမည်။